# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 21 , 2022 | Volume 60, Number 13


၂၁.၁၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၄၆ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၆၀၀၀၀ |
| ဒေါ်လာဈေး | = ၂၈၉၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၄၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၁၉.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၈၀.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၉.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၀၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၆၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၈.၅၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၉၇၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## (၆) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၆) ကြိမ်မြောက်တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



https://myantrade.gov.mm/article/sixth%20CSA

(၆) ကြိမ်မြောက်တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၆) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲဖွင့်ပွဲ အခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ Kunming Dianchi International Convention and Exhibition Center ၌ ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်နေ့ နံနက်ပိုင်းတွင် Hybrid စနစ်ဖြင့်ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဗွီဒီယိုအမှာစကားပေးပို့ပြောကြားခဲ့ပါသည်။

ယခုပြုလုပ်သည့် (၆) ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၆) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်နေ့မှ (၂၂) ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ပြီး၊ မြန်မာ့ပို့ကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရန်အတွက် မြန်မာနိုင်ငံကိုယ်စားပြု ပြခန်းများ ပါဝင်ပြသလျက်ရှိသည့်အပြင် ကုန်စည်ပြပွဲနှင့်အတူ ၂၀၂၂ ခုနှစ် မဲခေါင်မြစ်ဝှမ်းဒေသခွဲ စီးပွားရေးစင်္ကြံ ပြည်နယ်/ တိုင်းအဆင့်ခေါင်းဆောင်များဖိုရမ်ကို ကျင်းပမည်ဖြစ်ရာ ဖိုရမ်တွင် စက်မှုဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက်၊ ဒီဂျစ်တယ်စီးပွားရေး၊ ကုန်သွယ်မှု ချောမွေ့စေရေးနှင့် ဒေသတွင်းပေါင်းစည်းရေးကိစ္စတို့ကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

Source: https://myantrade.gov.mm/article/sixth%20CSA

## ပို့ကုန်ဝင်ငွေကို ဒေါ်လာအပြင် တရုတ်ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့် ပေးသွင်းခွင့်ပြုမည်ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ် ထုတ်ပြန်ကြေညာ

ပြည်ပနိုင်ငံများသို့ ကုန်ပစ္စည်းတင်ပို့ရောင်းချရာမှ နိုင်ငံခြားငွေဖြင့်ရရှိသည့် ပို့ကုန်ဝင်ငွေများကို အမေရိကန်ဒေါ်လာအပြင် တရုတ်ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့်ပါ ပြန်လည်ပေးသွင်းခွင့်ပြုမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုဝင်ဘာ ၁၇ ရက်တွင် ထုတ်ပြန်ကြေညာသည်။


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ဗဟိုဘဏ်သတ်မှတ်ထားသည့် ပို့ကုန်များတွင် ပဲမျိုးစုံ (ပဲတီစိမ်း၊ မတ်ပဲ၊ ကုလားပဲ၊ ပဲစင်းငုံ)၊ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း)၊ ပြောင်း၊ ရော်ဘာ၊ ရေထွက်ပစ္စည်း (ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့်)၊ တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်း (ကျွဲ၊ နွား၊ ဆိတ်အရှင်၊ သားရေ၊ အေးခဲအသား၊ အသားခြောက်) စသည့် ကုန်ပစ္စည်းများပါဝင်ကြောင်း သိရသည်။

ရောင်းချမှုအတွက် ရရှိလာသည့်နိုင်ငံခြားငွေများကို ယွမ်၊ ဘတ်ဖြင့်ရောင်းချမည်ဆိုပါက ယွမ်၊ ဘတ်နှင့် လိုင်စင်လျှောက်ထားရမည်ဖြစ်ကာ အဆိုပါနိုင်ငံခြားငွေများကိုလည်း ဒေါ်လာမူဝါဒအတိုင်း ပို့ကုန်ဝင်ငွေ၏ ၆၅ ရာခိုင်နှုန်းအား ဗဟိုဘဏ်သတ်မှတ်ဈေးအတိုင်း ရောင်းချပေးရမည်ဖြစ်ကြောင်းသိရသည်။ ကျန်ရှိသည့် ၃၅ ရာခိုင်နှုန်းကို ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းသူများထံ ဈေးကွက်ပေါက်ဈေးအတိုင်း ရောင်းချခွင့်ရှိသည့်အပြင် မိမိကိုယ်တိုင်သုံးစွဲခြင်းဖြစ်စေ၊ တစ်လအတွင်း ရောင်းချခြင်း သို့မဟုတ် အသုံးပြုနိုင်ကြောင်းသိရသည်။

နယ်စပ်ကုန်သွယ်ရေးအတွက် Advance TT 100% ကြိုငွေထည့်ရခြင်းနှင့် မျှောစာစနစ်ကိုမူ လက်ရှိတွင် ဖြေလျှော့မှု မရှိသေးကြောင်း သိရသည်။ ထို့ပြင် လက်ရှိတွင် ပို့ကုန်ဝင်ငွေ ပြန်လည်မသွင်းသည့်ကုမ္ပဏီများကို တရားစွဲဆိုမှု စတင်ဆောင်ရွက်နေပြီဖြစ်ကာ ပို့ကုန်ဝင်ငွေ စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းအောက်သာ ပြန်လည်တင်သွင်းထားသောကုမ္ပဏီများကို ဦးစွာတရားစွဲဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

Source: http://sdtimedaily.com/

## လက်ရှိဘဏ္ဍာနှစ် ခုနစ်လကျော်အတွင်း ပြည်ပသို့ လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၂၁၁၂ သန်းကျော်ရရှိပြီး ယခင်နှစ်ကာလတူထက် ဝင်ငွေဒေါ်လာ ၅၀ ဒသမ ၁၅၅ သန်း ပိုမိုရရှိ


https://news-eleven.com/article/240689

လက်ရှိဘဏ္ဍာနှစ် ခုနစ်လကျော်အတွင်း ပြည်ပသို့ လယ်ယာထွက်ပစ္စည်း တင်ပို့မှုမှ ဒေါ်လာ ၂၁၁၂ သန်းကျော်ရရှိပြီး ယခင်နှစ်ကာလတူထက် ဝင်ငွေဒေါ်လာ ၅၀ ဒသမ ၁၅၅ သန်း ပိုမိုရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ ပြည်ပသို့ လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၂ ဒသမ ၁၁၂ ဘီလျံကျော်ရရှိသည်။ ယခင်နှစ်ကာလတူက ဒေါ်လာ ၂ ဒသမ ၀၆၂ ဘီလျံကျော် ရရှိသည်။

အဆိုပါ ကာလတူနှစ်ခုကို နှိုင်းယှဉ်ပါက လက်ရှိဘဏ္ဍာနှစ် ခုနစ်လကျော်အတွင်း ပြည်ပသို့ လယ်ယာထွက်ပစ္စည်း တင်ပို့မှုမှ ဝင်ငွေမှာ ယခင်နှစ် ကာလတူထက် ဒေါ်လာ ၅၀ ဒသမ ၁၅၅ သန်း ပိုမိုရရှိခဲ့သည်။ ဘဏ္ဍာနှစ်အလိုက် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုမှ ရငွေအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၂၃၇၂ ဒသမ ၅၆၁ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၂၆၉၆ ဒသမ ၇၃၆ သန်း၊ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၂၆၆၁ ဒသမ ၀၁၁ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဒေါ်လာ၂၉၁၉ ဒသမ ၆၅၈ သန်း၊ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၂၆၁၅ ဒသမ ၇၇၄ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၂၉၂၈ ဒသမ ၁၀၁ သန်း၊ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၃၀၈၇ ဒသမ ၁၂၃ သန်း၊ ၂၀၁၈ Mini Budgetအတွင်း ဒေါ်လာ ၁၂၇၈ ဒသမ ၇၅၉ သန်း၊ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် ၃၂၆၁ ဒသမ ၅၉၁ သန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၃၇၂၅ ဒသမ ၆၉၈ သန်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၄၆၂၄ ဒသမ ၁၂၆ သန်းရရှိခဲ့သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကုန်အထိ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ ဝင်ရောက်မှုမှာ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ တစ်ရာခိုင်နှုန်းအောက်သာရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော CMP နှင့် အခြားသောကုန်ပစ္စည်းများကို တင်ပို့လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ သွင်းကုန်တင်သွင်းမှုတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်းပစ္စည်းများကို အဓိကတင်သွင်းလျက်ရှိသည်။

မြန်မာနိုင်ငံမှ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်နေပြီး အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀ - ၂၀၂၅ ၏ အဓိက ဦးစားပေးကဏ္ဍများတွင် လယ်ယာထွက်ကုန်ပစ္စည်း အခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ၊ စက်မှုနှင့်လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက် ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့်ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ၊ တီထွင်ဆန်းသစ်မှုနှင့်စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍ စသည်တို့ပါဝင်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/240689

## အခြေခံရည်ညွှန်းစပါးဈေး ပြင်ပဈေးကွက်ကို သက်ရောက်မှုမရှိဘဲ ဆန်အချို့ဈေးတက်


https://greenwaymyanmar.com

အခြေခံရည်ညွှန်းစပါးဈေးအဖြစ် တင်း ၁၀၀ ကို ၆၃၀၀၀၀ ကျပ် သတ်မှတ်လိုက်ပေမဲ့ ပြင်ပဈေးကွက်ကိုတော့ သက်ရောက်မှုမရှိဘဲ စပါးဈေးတွေဟာ အမြင့်ဈေးနဲ့သာ ဆက်ရှိနေသလို ဆက်တက်ဖို့အလားအလာလည်းရှိတယ်လို့ ကုန်သည်တွေက သုံးသပ်ကြကြောင်း စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) ရဲ့ တစ်ပတ်အတွင်း ဈေးကွက်သုံးသပ်ချက်မှာ ဖော်ပြလာပါတယ်။

အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနဲ့ ကိုက်ညီတဲ့ ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ရဲ့ အခြေခံရည်ညွှန်းစပါးဈေးအဖြစ် ၆၃၀၀၀၀ ကျပ် သတ်မှတ်တယ်ဆိုပြီး နိုဝင်ဘာ ၁၁ ရက် ရက်စွဲနဲ့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့က ထုတ်ပြန်လိုက်တာ ဖြစ်ပါတယ်။

လက်ရှိ သွင်းအားစု ကုန်ကျစရိတ်တွေအရ ဒီရည်ညွှန်းစပါးဈေးဟာ တောင်သူတွေအတွက် မဖြစ်နိုင်ဘူးလို့ တုန့်ပြန်မှုအချို့လည်းရှိခဲ့ပါတယ်။ အဲ့ဒီလို တောင်သူကုန်သည်များအကြား လှုပ်ခတ်မှုတွေရှိပေမဲ့ လက်ရှိငွေကြေးဈေး၊ ကုန်ကျစရိတ်တွေကြောင့် အခုသတ်မှတ်လိုက်တဲ့ ရည်ညွှန်းဈေးကို စိုးရိမ်မှုတော့မရှိကြဖို့ ကုန်သည်ကြီးများကဆိုတယ်လို့ AMIA က ပေးပို့လာတဲ့သတင်းမှာ ထည့်သွင်းပြောကြားထားပါတယ်။

ပြီးခဲ့တဲ့နှစ်ကလည်း အခြေခံရည်ညွှန်းဈေးကို ၅ သိန်းခွဲ ထုတ်ပြန်ခဲ့ပေမယ့် ပြင်ပပေါက်ဈေးကတော့ ၁၀ သိန်းအထက်ရှိခဲ့တယ်လို့ သိရပါတယ်။ လက်ရှိမှာ ပြည်ပဝယ်ယူမှုရှိနေသလို ပြည်တွင်းစပါး ထွက်ရှိနှုန်းလည်းနည်းတဲ့အတွက် စပါးဈေးတွေကတော့ အမြင့်ဈေးနဲ့သာရှိနေတာဖြစ်ပြီး ဈေးဆက်ပြီး တက်နိုင်တဲ့အခြေအနေ ရှိနေတယ်လို့ ကုန်သည်တွေက ဆိုကြောင်းလည်း AMIA က ပေးပို့လာတဲ့သတင်းမှာ ထည့်သွင်းဖော်ပြထားပါတယ်။

အခုတစ်ပတ်အတွင်း ရန်ကုန်ဈေးကွက်မှာ ရွှေဘိုပေါ်ဆန်းဆန်က တစ်အိတ်ကို ၈၇၀၀၀၀ကနေ ၉၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ်၊ ဧည့်မထဆန်က တစ်အိတ်ကို ၄၃၅၀၀ ကနေ ၄၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၅၀၀ ကျပ်၊ ဧည့်မထ ၂၅ မှတ်တန်ကတော့ တစ်အိတ်ကို ၄၁၅၀၀ ကနေ ၄၃၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀ ကျပ်၊ မြို့ဒုံဆန်က တစ်အိတ်ကို ၄၉၀၀၀ ကနေ ၅၁၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၃၀၀၀ ကျပ် အသီးသီးဈေးမြင့်တက်လာတယ်လို့ သိရပါတယ်။

ပဲခူးတိုင်း ပေါင်းတည်ဈေးကွက်မှာလည်း အင်းလယ်စပါးများ ထွက်ရှိလာပြီး တင်း ၁၀၀ ကို ၁၂ သိန်းနဲ့ ဝယ်ယူမှုတွေရှိတယ်လို့ သိရပါတယ်။

(စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများနှင့် သုံးသပ်ချက်ကို အခြေခံဖော်ပြခြင်းဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/Reference_paddy_price_effect

## ကြံရာသီစတင်ချိန်တွင် တရုတ်နိုင်ငံသို့ တင်ပို့မည့်ကြံများ တစ်တန်လျှင် ငွေကျပ် နှစ်သိန်းကျော်အထိ ဈေးကောင်းရရှိနိုင်

ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသည့်ကြံများကို တရုတ်နိုင်ငံသို့တင်ပို့လျက်ရှိရာ လာမည့်ဒီဇင်ဘာ ကြံရာသီစတင်ချိန်တွင် တရုတ်နိုင်ငံသို့ တင်ပို့မည့်ကြံများ တစ်တန်လျှင် ငွေကျပ်နှစ်သိန်းကျော်အထိ ဈေးကောင်းရရှိနိုင်ကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေး၏ ပြောဆိုချက်အရ သိရသည်။

ကြံစိုက်ပျိုးရာဒေသများဖြစ်သည့် လောက်ကိုင်၊ ချင်းရွှေဟော်၊ နမ့်ခမ်းစသည့်ဒေသများ၌ စိုက်ပျိုးထားသောကြံများကို တရုတ်နိုင်ငံသို့ တင်ပို့လေ့ရှိရာ ငွေလဲနှုန်းအရ ဈေးနှုန်းပိုမိုရရှိနိုင်သည်။

“အဲဒီဒေသတွေမှာ စိုက်ပျိုးထားတဲ့ကြံတွေက တရုတ်နိုင်ငံသကြားစက်ကို တင်ပို့တာပါ။ တရုတ်ငွေနဲ့ ဝယ်ယူတာဆိုတော့ မြန်မာငွေနဲ့ဆိုရင် ငွေလဲနှုန်းအရ ငွေကျပ်နှစ်သိန်းကျော်လောက် ရနိုင်တယ်။ တွက်ခြေကိုက်တာပေါ့။ တင်ပို့တဲ့အခါမှာလည်း ကြံကို ကုန်စိမ်းကားအနေနဲ့ Green Channel တစ်ခုပေးပြီး ဝင်လို့ထွက်လို့ရမှ အဆင်ပြေတာ။ ဘာလို့လဲဆိုတော့ ကြံကခုတ်ပြီးရင် ၂၄ နာရီအတွင်း စက်ရုံကိုရောက်မှ အဆင်ပြေတာပါ။ ၂၄ နာရီကျော်ရင် ကြံက ချဉ်သွားတယ်။ ဒါကြောင့်သူတို့ဘက်က ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်တဲ့ စစ်ဆေးတာတွေ မြန်ရင်တော့အဆင်ပြေနိုင်မှာပါ။ ဒီဘက်က ကြမ်းခင်းဈေးလည်း ဒီနှစ်ဈေးကောင်းပါတယ်” ဟု ဦးဝင်းဌေးကပြောသည်။

လက်ရှိတွင် ပဲခူးအရှေ့ခြမ်းနှင့် အနောက်ခြမ်းရှိ သကြားစက်များမှ ကြံတစ်တန်လျှင် ကြမ်းခင်းဈေး ငွေကျပ် ၇၀၀၀၀ မှ ၇၅၀၀၀၊ ရှမ်းပြည်နယ် မြောက်ပိုင်းရှိ သကြားစက်များမှ ကြံတစ်တန်လျှင် ကြမ်းခင်းဈေး ငွေကျပ် ၉၀၀၀၀၊ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းရှိ သကြားစက်များမှ ကြံတစ်တန်လျှင် ကြမ်းခင်းဈေး ငွေကျပ် ၈၉၀၀၀ ဖြင့် ဈေးနှုန်းများ သတ်မှတ် ထားကြောင်း သိရသည်။

ပြည်တွင်း၌ ကြံစိုက်ရာသီမှာ ဒီဇင်ဘာလဆန်းပိုင်းတွင် စတင်မည်ဖြစ်ကာ ကြံများခုတ်ယူ၍ တစ်ပြိုင်နက် ကြိတ်ခွဲမည် ဖြစ်ရာ ကြံသယ်ယူပို့ဆောင်ရာတွင် အဆင်ပြေစေရန် ကြံကားများကိုတာဝန်ယူသည့် စက်ရုံတချို့မှလည်း ပြည်တွင်း စက်သုံးဆီလက်ကားကုမ္ပဏီများမှ တိုက်ရိုက်ဝယ်ယူရန် သက်ဆိုင်ရာသို့တင်ပြခဲ့ရာ အဆင်ပြေမှုရှိကြောင်းသိရသည်။

ကြံကို ပြည်တွင်း၌ ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၌ အဓိကစိုက်ပျိုးပြီး ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့်အနောက်ခြမ်းတို့၌ ဒုတိယအများဆုံးစိုက်ပျိုးကာ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့၌ အနည်းငယ်စိုက်ပျိုးကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/33094

## မတ်ပဲနှင့်ပဲစင်းငုံဈေးကျပြီး ပဲတီစိမ်းနှင့်ဘိုကိတ်ပြာဈေးတက်လျက်ရှိ

မကွေးတိုင်းဒေသကြီး၊ အောင်လံကုန်စည်ဒိုင်တွင် ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်လျှက်ရှိပါသည်။ ကထိန်ရာသီတွင် ပဲမျိုးစုံဈေးကွက်အေးနေသော်လည်း ယခုနောက်ပိုင်းတွင် အဝယ်လိုက်လာပြီး ပို့ကုန်ပဲနှင့်ပြည်တွင်းသုံးပဲများ အတက်အကျ မငြိမ်ကာ အရောင်းအဝယ်ဖြစ်လျှက်ရှိပါသည်။ တစ်ပတ်အတွင်း ကာလတူနှိုင်းယှဉ်ပါက မတ်ပဲနှင့်ပဲစင်းငုံဈေးများ ဈေးကျပြီး ပဲတီစိမ်းဈေးနှင့် ဘိုကိတ်ပြာဈေးများ မြင့်တက်ကာ ကျန်ပဲများ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျှက်ရှိပါသည်။

တစ်ပတ်အတွင်း ကာလတူနှိုင်းယှဉ်ပါက (၈.၁၁.၂၀၂၂)ရက်နေ့နှင့် (၁၅.၁၁.၂၀၂၂)ရက်နေ့အတွင်း မတ်ပဲ(၂၀)ပိဿာ တစ်တင်းလျှင် ယခင်တစ်ပတ်တွင် (၆၁၀၀၀)ကျပ်၊ ယခုတစ်ပတ်တွင် (၅၈၀၀၀)ကျပ်ဈေးဖြစ်သည့်အတွက် (၃၀၀၀)ကျပ်၊ ပဲစင်းငုံ(၂၀)ပိဿာ (၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၅၈၅၀၀)ကျပ်၊ ယခုတစ်ပတ်တွင် (၅၈၀၀၀)ကျပ်ဈေး ဖြစ်သည့်အတွက် (၅၀၀)ကျပ်တို့ ဈေးကျကာ ပဲတီစိမ်း(၂၀)ပိဿာ (၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၄၉၅၀၀)ကျပ်၊ ယခုတစ်ပတ်တွင် (၅၀၀၀၀)ကျပ်ဈေးဖြစ်သည့်အတွက် (၅၀၀)ကျပ်၊ ဘိုကိတ်ပြာ(၂၀)ပိဿာ (၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၃၉၀၀၀)ကျပ်၊ ယခုတစ်ပတ်တွင် (၄၁၀၀၀)ကျပ်ဈေးဖြစ်သည့်အတွက် (၂၀၀၀)ကျပ်တို့ ဈေးမြင့်တက်ကာ အရောင်းအဝယ်ဖြစ်လျှက် ရှိကြောင်း သိရှိရပါသည်

**Source:** ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## ကြက်သွန်နီ(ဥစိုက်)အသစ်များ ပေါ်ထွက်လာပြီး ကြက်သွန်နီ(အပင်စိုက်)များ လက်ကျန်နည်း

မကွေးတိုင်းဒေသကြီးအတွင်းတွင် ကြက်သွန်နီကို ပခုက္ကူ၊ ဆိပ်ဖြူ၊ ရေနံချောင်း၊ မင်းဘူးနှင့် ရောဝတီမြစ်ရိုးတလျှောက်တွင် ကြက်သွန်နီ(ဥစိုက်)များ စိုက်ပျိုးကာ အောက်တိုဘာလမှစ၍ ဈေးကွက်အတွင်းရောက်ရှိကာ အရောင်းအဝယ်ဖြစ်လျှက်ရှိပါသည်။ ကြက်သွန်နီ(ပင်စိုက်) အဟောင်းများ လက်ကျန်နည်းနေပြီး ဈေးကွက်ထဲသို့ အဝင်နည်းနေသော်လည်း ပုံမှန်အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။ ဈေးနှုန်းအနေဖြင့် ကြက်သွန်နီ(အသစ်)နှင့် (အဟောင်း)ဈေးများ ကွာခြားမှုရှိသော်လည်း အရည်အသွေးကောင်းလျှင် ဈေးကောင်းရနေကာ အသစ်နှင့်အဟောင်းဈေး ကွာခြားမှုကတော့ ကျပ်(၁၀၀၀)နီးပါး ကွာခြားနေတာကိုတွေ့ရပါတယ်။ အသစ်များကတော့ ယခုလက်ရှိအချိန်တွင် အစိုဓါတ်ရှိနေသေးတဲ့အတွက် လှောင်၍မရသေးဘဲ အဟောင်းများလည်း လက်ကျန်မရှိသလောက်နည်းပါးနေကာ တောင်သူလက်ထဲတွင် မျိုးအတွက်သာချန်ထားပြီး ကုန်သည်လက်ထဲတွင် အနည်းငယ်ကျန်ရှိပြီး အဟောင်းဈေးကောင်းနေတဲ့အတွက် ဈေးကွက်ထဲသို့ တစ်အိတ်စနှစ်အိတ်စသာ လာရောက်ရောင်းချနေကြတာကို တွေ့ရပါတယ်။

ကြက်သွန်နီ(အဟောင်း)ဈေးနှုန်းအနေဖြင့် ယခုတစ်ပတ်အတွင်း ပခုက္ကူကုန်စည်ဒိုင်တွင် တစ်ပိဿာလျှင် ကျပ်(၃၁၅၀)မှ ကျပ်(၃၉၀၀)ဈေးအထိရရှိပြီး ဈေးကွက်ထဲသို့ ပိဿာ(၁၇၀၀၀) ဝင်ရောက်ကာ ဆိပ်ဖြူကုန်စည်ဒိုင်တွင် ကျပ်(၃၁၅၀)မှ ကျပ်(၃၇၅၀)ဈေးအထိရရှိပြီး ပိဿာ (၃၃၈၀၀)ဝင်ရောက် အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။ ကြက်သွန်နီ(အသစ်) ဈေးနှုန်းအနေဖြင့် ယခုတစ်ပတ်အတွင်း တစ်ပိဿာလျှင် ပခုက္ကူကုန်စည်ဒိုင်တွင် ကျပ်(၉၀၀) မှ ကျပ်(၃၀၀၀)ဈေးအထိ အရည်အသွေးအလိုက်ဈေးရရှိပြီး ဈေးကွက်ထဲသို့ ပိဿာ(၅၂၅၀၀)ဝင်ရောက်၍ ဆိပ်ဖြူကုန်စည်ဒိုင်တွင် ကြက်သွန်နီအသစ်များ ဝင်ရောက်မှုမရှိသေးပါကြောင်း သိရှိရပါသည်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဇဟိုဌာန

## နိုဝင်ဘာလ တတိယပတ် မန္တလေးကုန်စည်ဒိုင်၏ မြေပဲဆန်ဈေးနှုန်း ဈေးကွက်အခြေအနေ

မန္တလေးကုန်စည်ဒိုင်သို့ မကွေး၊ နတ်မောက် ၊ စစ်ကိုင်း၊ ဝက်လက်၊ နွားထိုး၊ မြင်းမူ၊ ကျောက်ဆည်၊ မလှိုင်၊ မြင်းခြံ၊ ပခုက္ကူဘက်မှ မြေပဲဆန်အသစ်များ ဝင်ရောက်လျှက်ရှိပြီး မြေပဲလုံးဆန်နီများကို တရုတ်ဝယ်လက်မှ ဝယ်ယူလျှက်ရှိ၍ ဈေးမြင့်လာကြောင်း၊ ဆီဆန်များကို ဆီစက်များမှ ဝယ်ယူလျှက်ရှိကြောင်းသိရသည်။

**မြေပဲလုံးဆန် (ဖြူ)**တစ်ပိဿာဈေးမှာ ယခုတစ်ပတ်တွင် ကျပ် ၅၃၀၀ မှ ၅၄၀၀၊ ယခင်တစ်ပတ် ကျပ် ၅၂၀၀ မှ ၅၃၀၀၊ ယခင်လ ကျပ် ၅၇၀၀ မှ ၅၈၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ မြင့်တက်လာပြီး၊ ယခင်လထက် ကျပ် ၄၀၀ နိမ့်ကျလာသည်။

**မြေပဲလုံးဆန် (အနီ)**တစ်ပိဿာဈေးမှာ ယခုတစ်ပတ်တွင် ကျပ် ၅၇၀၀ မှ ၆၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၅၂၀၀ မှ ၅၃၀၀ ၊ ယခင်လ ကျပ် ၅၅၀၀ မှ ၅၈၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀ မှ ၇၀၀၊ ယခင်လထက် ကျပ် ၂၀၀ မြင့်တက်လာသည်။

**မြေပဲ(ဆီဆန်)** တစ်ပိဿာဈေးမှာ ယခုတစ်ပတ်တွင် ကျပ် ၄၈၀၀ မှ ၅၁၀၀ ယခင်တစ်ပတ် ကျပ် ၄၇၀၀ မှ ၅၀၀၀၊ ယခင်လ ကျပ် ၄၈၀၀ မှ ၅၅၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ မြင့်တက်လာပြီး၊ ယခင်လထက် ကျပ် ၄၀၀ နိမ့်ကျလာသည်။

**Source:** ရတနာပုံကုန်သွယ်မှုဇဟိုဌာန

## မန္တလေးကုန်စည်ဒိုင် နှမ်းဈေးကွက်အခြေအနေ

မန္တလေးကုန်စည်ဒိုင်သို့ စစ်ကိုင်း၊ ရွှေဘို၊ ဝက်လက်နှင့် မန္တလေးအနီးတဝိုက်မှ နှမ်းအသစ်များ ဝင်ရောက်နေပြီး အရောင်းအဝယ်အေး၊ ဈေးအေးနေပြီး တရုတ်ဝယ်လက်မှ အနည်းငယ် ဝယ်ယူမှုရှိကြောင်းသိရသည်။ နှမ်းဖြူနှင့်နှမ်းညိုမှာ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး ယခင်လထက် ဈေးနိမ့်နေသည်။ နှမ်းနက်(စမုံ)မှာ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀၀ မှ ၁၅၀၀၀ ထိ ဈေးမြင့်လာပြီး၊ ယခင်လထက် ဈေးနိမ့်ကြလာသည်။

**နှမ်းဖြူ(ရိုးရိုး)** ၄၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၇၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၇၀၀၀၀၊ ယခင်လ ကျပ် ၂၈၀၀၀၀မှ ၂၇၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် အတိုင်းဈေးငြိမ်နေပြီး၊ ယခင်လထက် ကျပ် ၁၀၀၀၀ နိမ့်ကျလာသည်။

**နှမ်းညို** ၄၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၂၅၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂၂၅၀၀၀၊ ယခင်လ ကျပ် ၂၃၅၀၀၀ မှ ၂၄၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး၊ ယခင်လထက် ကျပ် ၁၀၀၀၀ မှ ၁၅၀၀၀နိမ့်ကျလာသည်။

**နှမ်းနက်(စမုံ)** ၄၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၅၀၀၀၀ မှ ၃၀၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၄၀၀၀၀ မှ ၂၈၅၀၀၀၊ ယခင်လ ကျပ် ၂၇၀၀၀၀ မှ ၃၁၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀၀ မှ ၁၅၀၀၀၊ ယခင်လထက် ကျပ် ၁၀၀၀၀ မှ ၂၀၀၀၀ နိမ့်ကျလာသည်။

Source: ရတနာပုံကုန်သွယ်မှုဇဟိုဌာန

## အာဆီယံ–တရုတ် လွတ်လပ်စွာကုန်သွယ်မှုဒေသ (ACFTA) အဆင့်မြှင့်တင်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများ တရားဝင်ဖွင့်လှစ်




https://myantrade.gov.mm

အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ခေါင်းဆောင်များသည် အာဆီယံ–တရုတ် လွတ်လပ်စွာကုန်သွယ်မှုဒေသ (ACFTA) အဆင့်မြှင့်တင်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများ တရားဝင်ဖွင့်လှစ်ခြင်းကို ကြိုဆိုခဲ့ကြပါသည်။ အဆိုပါ အဆင့်မြှင့်တင်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများသည် အာဆီယံ–တရုတ် စီးပွားရေးဆက်ဆံမှုများကို ယခုထက် ပိုမိုနက်ရှိုင်းကျယ်ပြန့်လာစေရန်နှင့် ကပ်ရောဂါအလွန် ဒေသတွင်း စီးပွားရေးဦးမော့လာစေရန်အတွက် ACFTA က အထောက်အပံ့ပေးနိုင်မှုကို သေချာစေရန်ဖြစ်ပါသည်။ ACFTA အဆင့်မြှင့်တင်မှုဆိုင်ရာ ထုတ်ပြန်ကြေညာချက်ကို ၂၅ ကြိမ်မြောက် အာဆီယံ–တရုတ် ထိပ်သီးညီလာခံ၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ACFTA သည် အပြန်အလှန် ဆွေးနွေးဖက် နိုင်ငံများအကြား အာဆီယံ၏ သက်တမ်းအရင့်ဆုံး FTA တစ်ခုဖြစ်ပြီး ယင်းအား အဆင့်မြှင့်တင်ခြင်းဖြင့် အာဆီယံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့က ACFTA ကို စီးပွားရေးလုပ်ငန်းများ၊ အနာဂတ်အဆင်သင့်ဖြစ်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို တုံ့ပြန်ခြင်းတို့နှင့် ပိုမိုလိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်သွားမည်ဟု ပုဂ္ဂလိကကဏ္ဍနှင့် ပါဝင်ပတ်သက်သူအားလုံးကို အချက်ပြလိုက်ခြင်းပင်ဖြစ်သည်။

အဆိုပါ အဆင့်မြှင့်တင်ထားသော ACFTA တွင် အပြန်အလှန်အကျိုးစီးပွားနယ်ပယ်အားလုံး ပါဝင်မည်ဖြစ်ပြီး ၎င်းတို့အနက် ဒစ်ဂျစ်တယ်စီးပွားရေး၊ စိမ်းလန်းစီးပွားရေး၊ ထုတ်လုပ်မှုကွင်းဆက်ချိတ်ဆက်နိုင်မှု၊ ယှဉ်ပြိုင်မှု၊ စားသုံးသူကာကွယ်ရေးနှင့် အငယ်စား၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကဏ္ဍ (MSME) တို့ပါဝင်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အာဆီယံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဝင်ရောက်ရာ ဒုတိယအကြီးဆုံး ရင်းမြစ်တစ်ခုလည်းဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်တွင် အာဆီယံနှင့်တရုတ် ကုန်စည်ကူးသန်းရောင်းဝယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၆၆၉) ဘီလီယံရှိခဲ့ပြီး၊ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုများရှိခဲ့သော်လည်း နှစ်စဉ်ကုန်သွယ်မှုတန်ဖိုး တိုးတက်နှုန်းမှာ (၂၉) ရာခိုင်နှုန်းရှိပါသည်။ အဆိုပါနှစ်တွင် တရုတ်နိုင်ငံမှ အာဆီယံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၁၃.၆) ဘီလီယံရှိပြီး လွန်ခဲ့သော ၂၀၂၀ ခုနှစ်ကထက် (၇) ဘီလီယံ တိုးတက်ခဲ့ကြောင်း တွေ့ရပါသည်။ အဆိုပါတန်ဖိုးသည် အာဆီယံတစ်ခုလုံး၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ (၇.၈) ရာခိုင်နှုန်းနှင့်ညီမျှပါသည်။ အနာဂတ်တွင် ACFTA အဆင့်မြှင့်တင်မှုကြောင့် အဆိုပါအလားအလာများ၏ အရှိန်အဟုန်ကို ထပ်မံထောက်ပံ့ကူညီသွားနိုင်မည်ဖြစ်သည်။

***Source: asean.org***

**ကောင်းထွဋ်အောင်–Myantrade**

https://myantrade.gov.mm/article/%E1%80%A1%E1%80%AC%E1%80%86%E1%80%AE%E1%80%9A%E1%80%B6–

## မြန်မာ့ကော်ဖီ ပြည်တွင်း၊ ပြည်ပ ဝယ်လိုအားအမြင့်ဆုံးရောက်ရှိ




၂၀၂၁-၂၀၂၂ ခုနှစ်က ထွက်ရှိသည့် မြန်မာ့ကော်ဖီ ပြည်တွင်း၊ ပြည်ပဝယ်လိုအား အမြင့်ဆုံးသို့ ရောက်ရှိခဲ့တယ်လို့ မြန်မာနိုင်ငံကော်ဖီအသင်းမှ သိရှိရပါတယ်။

ကမ္ဘာ့ကော်ဖီ စိုက်ပျိုးရာနေရာတွေမှာ ယမန်နှစ်က ကော်ဖီအထွက်နှုန်းနည်းလို့ မြန်မာ့ကော်ဖီ ဈေးကောင်းရလာသလို မြန်မာ့ကော်ဖီ စိုက်ပျိုးမှုမှာလည်း ရာသီဥတုကောင်းမွန်ကာ အထွက်နှုန်းကောင်းခဲ့လို့လည်း အသင်းမှသိရှိရပါတယ်။

မြန်မာနိုင်ငံကော်ဖီအသင်းမှ တာဝန်ရှိသူတစ်ဦးက “ ပြီးခဲ့တဲ့နှစ်က ဘရာဇီးမှာရှိတဲ့ ကော်ဖီထုတ်လုပ်မှုက ကျဆင်းတဲ့အတွက် ကမ္ဘာ့ဈေးကွက်မှာ ကော်ဖီလိုအပ်မှု မြင့်တက်လာပါတယ်။ အဲ့လိုမြင့်လာတော့ ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း နိုင်ငံခြားကနေ လာရောက်ဝယ်ယူသူ၊ ပြည်တွင်း သုံးစွဲတဲ့သူတွေရော ဝယ်လိုအားကောင်းလာပါတယ်။ အဲ့ဒီအတွက် ကျွန်တော်တို့ မနှစ်ကထုတ်လုပ်တဲ့ ကော်ဖီစေ့ထုတ်ကုန်တွေ အကုန်လုံးရောင်းချရပါတယ်”လို့ ပြောဆိုပါတယ်။

ယခုနှစ်အတွက်လည်း စိုက်ပျိုးထားတဲ့ကော်ဖီတွေကို ခူးဆွတ်နေပြီဖြစ်ပြီး၊ ကော်ဖီအသင်းအနေနဲ့ ပြည်တွင်းပြည်ပ ဈေးကွက် ၂ ခုလုံးတွင် ဈေးကွက်အသစ်တွေရရှိဖို့၊ အရည်အသွေးတွေကို စနစ်တကျထိန်းသိမ်းဖို့ ပညာပေးလုပ်ငန်းတွေ၊ ဈေးကွက်ချဲ့ထွင်ရေး ပြပွဲတွေ၊ အရည်အသွေးဆန်းစစ်တဲ့ပြပွဲတွေ ဆက်သွယ်ဆောင်ရွက်နေသလို ပြည်တွင်းမှာလည်း ပညာပေးလုပ်ငန်းတွေ၊ သင်တန်းပေးတာတွေ လုပ်ဆောင်နေတယ်လို့ သိရှိရပါတယ်။

မြန်မာ့ကော်ဖီကို ရေကြောင်းမှဆိုလျှင် (Normal Trade) အမေရိကန်၊ ကနေဒါ၊ EU နိုင်ငံများ၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့ကိုတင်ပို့နေပြီး နယ်စပ်လမ်းကြောင်း (Boder Trade) ဆိုပါက တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့ကို အဓိကထား တင်ပို့နေတယ်လို့ သိရှိရပါတယ်။

ပြည်တွင်းမှာ နှစ်စဉ်ကော်ဖီတန်ချိန် ရှစ်ထောင်မှ တစ်သောင်းကြားထွက်ရှိပြီး၊ လက်ရှိ ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှ လာမယ့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကော်ဖီလှိုင်လှိုင်ထွက်ရှိလာတော့မှာဖြစ်သလို ၂၀၂၃ ခုနှစ် မတ်လမှမေလအတွင်း အထက်ပါနိုင်ငံများအပြင်၊ အာဆီယံနိုင်ငံအချို့တို့ကို ကော်ဖီတန်ချိန် ယခုနှစ်များထက် ပိုမိုတင်ပို့နိုင်ဖို့ ဆောင်ရွက်နေတယ်လို့လည်း သိရှိရပါတယ်။

မြန်မာနိုင်ငံမှာ ကော်ဖီစိုက်ဧက (၄၀၀၀၀)ရှိပြီး ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးပြီး၊ မန္တလေးတိုင်း၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ချင်းပြည်နယ်၊ မကွေးတိုင်းနှင့်ဧရာဝတီတိုင်း ဒေသအချို့မှာ စိုက်ပျိုးလျက်ရှိကာ နှစ်စဉ် ဒီဇင်ဘာလမှမတ်လအထိ ခူးဆွတ်ထုတ်လုပ်ပြီး ဧပြီလနောက်ပိုင်းမှစ၍ တစ်နှစ်ပတ်လုံးရောင်းချနေတယ်လို့ မြန်မာနိုင်ငံကော်ဖီအသင်းမှ သိရှိရပါတယ်။

မြန်မာနိုင်ငံမှာ ကုန်းမြင့်ကော်ဖီနှင့်မြေပြန့်ကော်ဖီဟူ၍ စိုက်ပျိုးထုတ်လုပ်နေပြီး အထူးတန်းဝင်အမျိုးအစားများကို အမေရိကန်အပါအဝင် ဥရောပနိုင်ငံများ၊ ဂျပန်၊ ကိုရီယားနိုင်ငံများသို့ တင်ပို့လျက်ရှိနေတာပါ။

မြန်မာ့ကော်ဖီဟာ အထူးတန်းဝင် အမျိုးအစား (ကော်ဖီစေ့)ဆိုပါက တစ်တန်လျှင် အမေရိကန် ဒေါ်လာ (၇၅၀၀) ခန့် ဈေးနှုန်းရှိနေပြီး ပုံမှန်ဈေးကွက်ဝင် ကော်ဖီအမျိုးအစားဆိုပါက တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၀၀၀) မှ (၄၅၀၀)ခန့် ဈေးရရှိတယ်လို့လည်း သိရှိရပါတယ်။

**ဤဆောင်းပါးကို Myanmar Future News မှကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

# STOCK EXCHANGE (21.11.2022)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 21st Nov. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +100 | +1.11% | 9,200 | 9,200 | 9,100 | 2,200 | 20,130,000 | 33,109,694 | 301,298 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,350 | 4,812 | 16,120,200 | 38,929,150 | 130,413 |
| MCB | 00003 | 7,700 | -100 | -1.28% | 7,700 | 7,700 | 7,700 | 40 | 308,000 | 10,400,986 | 80,088 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 72 | 1,404,000 | 2,472,053 | 48,205 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 3 | 8,100 | 12,823,224 | 34,623 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | +100 | +2.04% | 5,000 | 5,000 | 5,000 | 7 | 35,000 | 10,497,598 | 52,488 |

# Market Overview

## Main Board

As of 1:00 pm, 21st Nov. 2022

| MYANPIX | 402.99 ▲ 1.91 |
|---|---|
| Total Volume (shares) | 7,134 |
| Total Value (MMK) | 38 mil |
| Listed Company | 7 |
| Market Cap. (MMK) | 701,054 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▲ 100 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 7,700 | ▼ 100 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 100 |